Australian Early Development Census
An Australian Government Initiative

NSW GOVERNMENT

# ဩစတြေးလျ ကလေးငယ်များ၏ ကနဦးဖွံ့ဖြိုးမှု စစ်တမ်း (AEDC) ဆိုင်ရာ အချက်အလက်စာစောင်

## AEDC ဒေတာ အချက်အလက်များကို ကောက်ယူခြင်း၊ အကာအကွယ် ပေးခြင်းနှင့် အသုံးပြုခြင်း

### ကောက်ယူသည့် အချက်အလက်များ

AEDC ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကောက်ယူသည့် ဒေတာအချက်အလက်များတွင် အမည်၊ လိပ်စာ၊ ယဉ်ကျေးမှုနှင့် ဘာသာစကား နောက်ကြောင်းရာဇဝင်များ အပါအဝင် သင့်ကလေး၏ ကိုယ်ရေး အချက်အလက်များနှင့် ၎င်းတို့၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပါဝင်သည်။ AEDC ကို ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ဆရာ/ဆရာမများ က ယင်းအချက်အလက်များကို ကျောင်းမှတ်တမ်းများမှ ရယူနိုင်သည်။

AEDC ကို ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ဆရာ/ဆရာမများအား မိမိတို့ ကျောင်းမှ ဝန်ထမ်းများ သို့မဟုတ် စာချုပ် ချုပ်ဆိုထား သော ယဉ်ကျေးမှု အတိုင်ပင်ခံပုဂ္ဂိုလ်များက ကူညီသွားမည် ဖြစ်ပြီး ၎င်းတို့က ဌာနေ တိုင်းရင်းသား လူမျိုးစု ကလေးငယ်များ၏ ယဉ်ကျေးမှုဆိုင်ရာ အကြောင်း အရာများကို နားလည်သဘောပေါက် စေရန် ကူညီပေးနိုင်သည်။

### AEDC ဒေတာအချက်အလက်များကို မည်ကဲ့ သို့ စီမံခန့်ခွဲသနည်း

AEDC ကို ဩစတြေးလျ ကိုယ်ရေး ကိုယ်တာ ဆိုင်ရာ မူဝါဒများ (Australian Privacy Principles (APPs)) နှင့်အညီ စီမံကိုင်တွယ်လျက်ရှိသည်။ ကိုယ်ရေးကိုယ်တာဆိုင်ရာမူဝါဒများ (APPs) သည် ဩစတြေးလျ အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်း အချို့က ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်း၊ အသုံးပြုခြင်း၊ ထုတ်ဖော်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို ထိန်းချုပ်ကြပ်မတ်ပေးပြီး ၎င်းသည် *၁၉၉၈ ခုနှစ် ကိုယ်ရေးကိုယ်တာ အက်ဥပဒေ* (*Privacy Act 1998* (Cth)) ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

သင့်ကလေး၏ ကိုယ်ရေး အချက်အလက်များ အား လျှို့ဝှက်ပေးထားမည့် ကျန်းမာရေး ဌာနများကဲ့သို့သော အခြား အဖွဲ့အစည်းများထံမှ အချက်အလက်များနှင့် AEDC ဒေတာအချက်အလက်များကို ချိတ်ဆက်ရန် အသုံးပြုသွားမည် ဖြစ်သည်။ သင့်ကလေး၏ AEDC အချက်အလက်များကို မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်မည့် အချက်အလက်များနှင့် သီးခြားစီ ခွဲ၍ ထိန်းသိမ်းထားမည်ဖြစ်ပြီး မည်သူမျှ ယင်းအချက်အလက် နှစ်မျိုးစလုံးကို တပြိုင်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည် မဟုတ်ပါ။

ကလေးတစ်ဦးချင်းစီ၏ AEDC အချက်အလက်များကို လုံးဝ ထုတ်ပြန်သွားမည် မဟုတ်ဘဲ ထုတ်ပြန်ထားသော AEDC အချက်အလက်အားလုံးတွင် အမည်များကို လျှို့ဝှက်ထားသည်။ အချက်အလက်များကို မထုတ်ပြန်မီ အမည်၊ အသက်၊ လိပ်စာနှင့် မည်သူမည်ဝါမှန်း သိရှိနိုင်မည့် အခြားအချက်အလက်များကို ဖယ်ရှားထားသည်ဟု ဆိုလိုရာရောက်သည်။

www.aedc.gov.au/data ဝက်ဘ်ဆိုက်သို့ ဝင်ရောက်၍ အချက်အလက်ကောက်ယူပုံနှင့် ဖော်ပြပုံ နည်းလမ်းများကို ကြည့်ရှုနိုင်သည်။ 2024 တွင် ကောက်ယူထားသည့် ဒေတာအချက်အလက်များကို အလားတူနည်းလမ်းဖြင့် ဖော်ပြသွားမည် ဖြစ်သည်။

### AEDC ဒေတာအချက်အလက်များကို မျှဝေ အသိပေးသွားမည့် သူများနှင့် မျှဝေအသိပေးပုံ နည်းလမ်းများ

#### ကျောင်းများ

အချက်အလက်ရယူခွင့်ရှိသော ကျောင်းများသည် AEDC ရလဒ်အနှစ်ချုပ်ကို ကျောင်းအကြောင်း အကျဉ်းချုပ်ဖော်ပြချက်ပုံစံဖြင့် လက်ခံရရှိမည် ဖြစ်သည်။ ကျောင်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်များတွင် ကလေး တစ်ဦးချင်းစီနှင့် ဆိုင်သည့် AEDC ရလဒ် မှန်သမျှကို ထုတ်ပြန်ဖော်ပြထားခြင်း မရှိပါ။

ကျောင်းများအနေဖြင့် ကလေးများကို ပိုမိုကောင်းမွန်စွာ ကူညီထောက်ပံ့ရေးကဲ့သို့သော ရည်ရွယ်ချက်များဖြင့် အခြားအဖွဲ့အစည်း သို့မဟုတ် ယုံကြည်ရသော လူပုဂ္ဂိုလ်များထံ ကျောင်းအကြောင်း အကျဉ်းချုပ်ဖော်ပြချက်များကို မျှဝေနိုင်သော်လည်း ၎င်းတို့ကို အများပြည်သူသို့ ထုတ်ပြန်ခြင်း မပြုရပါ။ ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ပိုမိုကာကွယ်နိုင်ရန် AEDC တွင် ပါဝင်သည့် ကလေး အရေအတွက် ခြောက်ဦးအောက်နည်းသည့် ကျောင်းများသည် ကျောင်းအကြောင်း အကျဉ်းချုပ်ဖော်ပြချက်များကို လက်ခံရရှိမည် မဟုတ်ပါ။

#### အစိုးရအဖွဲ့များနှင့် ကျောင်းကဏ္ဍရှိ တာဝန်အရှိဆုံးအဖွဲ့များ

ပြည်နယ်နှင့် နယ်မြေ အစိုးရဌာနများ၊ ကက်သလစ်နှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရ ကျောင်းများ၏ တာဝန် အရှိဆုံး အဖွဲ့များသည် ၎င်းတို့၏ ကျောင်းကဏ္ဍရှိ ကလေးအားလုံးအတွက် အမည်များကိုလျှို့ဝှက်ထားသည့် အချက်အလက်များကို လက်ခံရရှိမည် ဖြစ်သည်။

#### အာဏာပိုင်များနှင့် ဒေတာ အချက်အလက်ချိတ်ဆက်ရေး အဖွဲ့များကို ပေါင်းစည်းခြင်း

ရွေးချယ်ထားသော သတ်မှတ်ဌာနများသည် AEDC တွင် ပါဝင်သည့် ကလေးသူငယ်များ၏ AEDC ရလဒ်များကို အခြားဒေတာအချက်အလက်များနှင့် ချိတ်ဆက်နိုင်ရန် ကလေးသူငယ်များ၏ ကိုယ်ရေး အချက်အလက်များကို လက်ခံ ရရှိမည် ဖြစ်သည်။ ဒေတာ အချက်အလက်ချိတ်ဆက်ရန် အသုံးပြုသည့် နည်းလမ်းအပေါ်မူတည်၍ အမည်များကို လျှို့ဝှက်ထားသည့် AEDC ရလဒ်များကိုလည်း လက်ခံရရှိမည် ဖြစ်သည်။ အဆိုပါဌာနများတွင် ခနသဟာယ ဗဟိုအစိုးရဌာနများ၊ ပြည်နယ်နှင့် နယ်မြေ အစိုးရဌာနများ၊ တက္ကသိုလ်များနှင့် ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာ လုံခြုံရေးကို ကာကွယ်ရန် အာမ ခံနိုင်သော စနစ်များ အလုံအလောက်ရှိကြောင်း ဖော်ပြ ထားသည့် သုတေသနအဖွဲ့အစည်းများ ပါဝင်သည်။

#### သုတေသီများ

သုတေသီများ အနေဖြင့် အမည်များကိုလျှို့ဝှက်ထားသည့် AEDC ဒေတာ အချက်အလက်များနှင့် သုတေသန မေးခွန်းများကို ဖြေဆိုနိုင်ရန် အခြား ဒေတာအချက်အလက်များနှင့် ချိတ်ဆက်ထား သည့် AEDC ဒေတာများကို တောင်းခံနိုင်သည်။ သုတေသီများက AEDC ဒေတာအချက်အလက်များကို အသုံးပြုပုံ နည်းလမ်းများနှင့်ပတ်သက်သော သာဓကများကို သိရှိနိုင်ရန် https://www.aedc.gov.au/snapshots ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။

အမည်များကိုလျှို့ဝှက်ထားသည့် AEDC ဒေတာအချက်အလက်များကို AEDC အစီအစဉ် တွင်ပါဝင်သည့် သုတေသန အဖွဲ့အစည်းများ ထံသို့လည်း မျှဝေအသိပေးပါသည်။ အချို့အခြေအနေများတွင် အမည်များကို လျှို့ဝှက်ထားသည့် AEDC ဒေတာအချက်အလက်များကို ပြည်ပရှိ သုတေသနအဖွဲ့အစည်းများသို့ ပေးအပ်ပါသည်။

#### AEDC ဒေတာအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့

ကိုယ်ရေးအချက်အလက်များနှင့် အမည်များကိုလျှို့ဝှက်ထားသည့် AEDC ရလဒ်များကို ဩစတြေးလျအစိုးရ ပညာရေးဌာနကိုယ်စား ရွေးချယ်သတ်မှတ်ထားသည့် ဒေတာအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့က ကိုင်တွယ်၊ စီမံဆောင်ရွက်ပါသည်။ AEDC ဒေတာများကို အမြင့်ဆုံးလုံခြုံရေး စံနှုန်းများနှင့်အညီ စီမံကိုင်တွယ်ရန် AEDC ဒေတာအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့ကို သေချာရွေးချယ်ထားခြင်း ဖြစ်သည်။ လက်ရှိ AEDC ဒေတာအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့မှာ လူမှုရေး သုတေသန ဌာနဖြစ်သည်။